ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

# ၂၀၁၅-၂၀၁၆ ခု၊ ဘဏ္ဍာရေးနှစ်

# ရှမ်းပြည်နယ်၏ နောက်ထပ်ဘဏ္ဍာငွေခွဲဝေသုံးစွဲရေးဥပဒေ

## ၂၀၁၅–၂၀၁၆ ခု၊ ဘဏ္ဍာရေးနှစ်
## ရှမ်းပြည်နယ်၏ နောက်ထပ်ဘဏ္ဍာငွေခွဲဝေသုံးစွဲရေးဥပဒေ
## ( ၂၀၁၆ ခုနှစ်၊ ရှမ်းပြည်နယ်လွှတ်တော်ဥပဒေအမှတ် ၁ ။ )

၁၃၇၇ ခုနှစ်၊ နတ်တော်လပြည့်ကျော် ( ၁၁ ) ရက်
( ၂၀၁၆ ခုနှစ်၊ ဇန်နဝါရီလ ၆ ရက် )

ရှမ်းပြည်နယ်လွှတ်တော်သည် ဤဥပဒေကို ပြဋ္ဌာန်းလိုက်သည်။

### အခန်း(၁)

### အမည်နှင့် အကျိုးသက်ရောက်သည့်ကာလ

၁။ (က) ဤဥပဒေကို ၂၀၁၅–၂၀၁၆ခု၊ ဘဏ္ဍာရေးနှစ် ရှမ်းပြည်နယ်၏ နောက်ထပ်ဘဏ္ဍာငွေခွဲဝေသုံးစွဲရေးဥပဒေဟု ခေါ်တွင်စေရမည်။

(ခ) ဤဥပဒေသည် ၂၀၁၅–၂၀၁၆ ခု၊ ဘဏ္ဍာရေးနှစ်အတွက် အကျိုးသက်ရောက်စေရမည်။

အခန်း(၂)

နောက်ထပ်အသုံးစရိတ်များကို ခွင့်ပြုလျာထားပေးခြင်း နှင့် စီမံခန့်ခွဲခြင်း

၂။ (က) ပြည်နယ်အစိုးရအဖွဲ့၊ ပြည်နယ်လွှတ်တော်၊ ပြည်နယ်တရားလွှတ်တော်၊ ပြည်နယ်ဥပဒေချုပ်၊ ပြည်နယ်စာရင်းစစ်ချုပ်၊ ပြည်နယ်အဆင့်ဦးစီးဌာနများ၊ ပြည်နယ်အဆင့်နိုင်ငံတော်ပိုင်စီးပွားရေးအဖွဲ့အစည်းများ၊ စည်ပင်သာယာရေးအဖွဲ့ များနှင့် စပ်လျဉ်း၍ ဇယား(၁)၊ (၂)၊ (၃)၊ (၄)တို့တွင် ခွင့်ပြုထားသော သုံးငွေတို့အတွက် တာဝန်ပေးအပ်ခြင်းခံရသည့် ပုဂ္ဂိုလ်အသီးသီးသည် မိမိနှင့် ယှဉ်တွဲဖော်ပြထားသော သက်ဆိုင်ရာ သုံးငွေများကို သုံးစွဲနိုင်သည်။

(ခ) ပုဒ်မခွဲ (က)တွင် ခွင့်ပြုထားသည့် ဘဏ္ဍာငွေခွဲဝေသုံးစွဲခြင်းသည် ၂၀၁၅ ခုနှစ်၊ ရှမ်းပြည်နယ်၏ ဘဏ္ဍာငွေအရအသုံးဆိုင်ရာ ဥပဒေအရ ခွင့်ပြုထားသည့် ဘဏ္ဍာငွေခွဲဝေသုံးစွဲခြင်းအပြင် နောက်ထပ်သုံးစွဲခြင်းဖြစ်သည်ဟု မှတ်ယူရမည်။

၃။ (က) ပုဒ်မ ၂ ပါ တာဝန်ပေးအပ်ခြင်းခံရသည့် ပုဂ္ဂိုလ်အသီးသီးသည် မိမိအား တာဝန်ပေးအပ်သည့် သုံးငွေကို စီမံခန့်ခွဲရန် မိမိလက်အောက်ရှိ လုပ်ငန်း ဆိုင်ရာ ပုဂ္ဂိုလ်အသီးသီးအား လွှဲအပ်ဆောင်ရွက်စေနိုင်သည်။

(ခ) သုံးငွေကို စီမံခန့်ခွဲရာတွင် ဤဥပဒေပါ ပြဋ္ဌာန်းချက်များ၊ ၂၀၁၅ ခုနှစ်၊ ရှမ်းပြည်နယ်၏ ဘဏ္ဍာငွေအရအသုံးဆိုင်ရာ ဥပဒေပါ ပြဋ္ဌာန်းချက်များ၊ သက်ဆိုင်ရာ ဥပဒေများ၊ နည်းဥပဒေများ၊ စည်းမျဉ်းများ၊ စည်းကမ်းများ၊ အမိန့်ကြော်ငြာစာများ၊ အမိန့်များ၊ ညွှန်ကြားချက်များ၊ လုပ်ထုံးလုပ်နည်းများနှင့် အညီ ဆောင်ရွက်ရမည်။

---

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေအရကျွန်ုပ်လက်မှတ်ရေးထိုးသည်။

(ပုံ)စဝ်အောင်မြတ်

ဝန်ကြီးချုပ်

ရှမ်းပြည်နယ်အစိုးရအဖွဲ့

## ပြည်နယ်အစိုးရအဖွဲ့

ဇယား(၁)
(ကျပ်သန်းပေါင်း)

| အမှတ်စဉ် | ၂၀၁၅ ခုနှစ် ရှမ်းပြည်နယ်၏ ဘဏ္ဍာငွေအရအသုံး ဆိုင်ရာဥပဒေပါ အမှတ်စဉ် | အကြောင်းအရာ | တာဝန်ခံသူ | နောက်ထပ်ခွင့်ပြုသည့်သုံးငွေ | | | | | | | စုစုပေါင်း |
|---|---|---|---|---|---|---|---|---|---|---|---|
| | | | | သာမန်သုံးငွေ | အတိုးပေးငွေ | ထောက်ပံ့ငွေ | ငွေလုံးငွေရင်း သုံးငွေ | ကြွေးမြီ | | အဖွဲ့အစည်းများ တွင် ရင်းနှီးငွေ | |
| | | | | | | | | ထုတ်ချေးငွေ | ချေးယူရငွေအတွက် ပေးဆပ်ငွေ | | |
| ၁ | ၂ | ၃ | ၄ | ၅ | ၆ | ၇ | ၈ | ၉ | ၁၀ | ၁၁ | ၁၂ |
| ၁ | ၁ | ပြည်နယ်အစိုးရအဖွဲ့ | ပြည်နယ်ဝန်ကြီးချုပ် သို့မဟုတ် ပြည်နယ်ဝန်ကြီးချုပ် က တာဝန်ပေးသူ | ၇၅.၆၅၀ | | | ၁၄၃၆.၇၂၁ | | | | ၁၅၁၂.၃၇၁ |
| | | ပေါင်း | | ၇၅.၆၅၀ | | | ၁၄၃၆.၇၂၁ | | | | ၁၅၁၂.၃၇၁ |

# ပြည်နယ်အဆင့်ဦးစီးဌာနများ

ဇယား(၂)

(ကျပ်သန်းပေါင်း)

| အမှတ်စဉ် | ၂၀၁၅ ခုနှစ် ရှမ်းပြည်နယ်၏ ဘဏ္ဍာငွေအရအသုံး ဆိုင်ရာဥပဒေပါ အမှတ်စဉ် | | အကြောင်းအရာ | တာဝန်ခံသူ | နောက်ထပ်ခွင့်ပြုသည့်သုံးငွေ | | | | | | | စုစုပေါင်း |
|---|---|---|---|---|---|---|---|---|---|---|---|---|
| | | | | | သာမန်သုံးငွေ | အတိုးပေးငွေ | ထောက်ပံ့ငွေ | ငွေလုံးငွေရင်း သုံးငွေ | ကြွေးမြီ | | အဖွဲ့အစည်းများ တွင် ရင်းနှီးငွေ | |
| | | | | | | | | | ထုတ်ချေးငွေ | ချေးယူရငွေအတွက် ပေးဆပ်ငွေ | | |
| ၁ | ၂ | | ၃ | ၄ | ၅ | ၆ | ၇ | ၈ | ၉ | ၁၀ | ၁၁ | ၁၂ |
| ၁ | ၁ | | ပြည်ထဲရေး | ပြည်နယ်ဝန်ကြီးချုပ် သို့မဟုတ် ပြည်နယ်ဝန်ကြီးချုပ် က တာဝန်ပေးသူ | | | | ၁၃၉ . ၃၁၉ | | | | ၁၃၉ . ၃၁၉ |
| | | ၁ | အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန | | | | | ၉၉ . ၈၆၆ | | | | ၉၉ . ၈၆၆ |
| | | ၂ | အထူးစုံစမ်းစစ်ဆေးရေးဦးစီးဌာန | | | | | ၁၁ . ၂၅၀ | | | | ၁၁ . ၂၅၀ |
| | | ၃ | မီးသတ်ဦးစီးဌာန | | | | | ၂၈ . ၂၀၃ | | | | ၂၈ . ၂၀၃ |
| ၂ | ၅ | | ပတ်ဝန်းကျင်ထိန်းသိမ်းရေးနှင့် သစ်တောရေးရာ | ၎င်း | | | | ၂၈ . ၇၄၈ | | | | ၂၈ . ၇၄၈ |
| | | ၁ | သစ်တောဦးစီးဌာန | | | | | ၂၈ . ၇၄၈ | | | | ၂၈ . ၇၄၈ |
| ၃ | ၆ | | အားကစားဝန်ကြီးဌာန | ၎င်း | | | | ၂၉ . ၇၄၁ | | | | ၂၉ . ၇၄၁ |
| | | ၁ | အားကစားနှင့် ကာယပညာဦးစီးဌာန | | | | | ၂၉ . ၇၄၁ | | | | ၂၉ . ၇၄၁ |
| ၄ | ၉ | | ဆောက်လုပ်ရေး | ၎င်း | ၃၆ . ၀၁၇ | | | ၁၀၀ . ၀၀၀ | | | | ၁၃၆ . ၀၁၇ |
| | | ၁ | မြို့ပြနှင့်အိမ်ရာဖွံ့ဖြိုးရေးဦးစီးဌာန | | ၃၆ . ၀၁၇ | | | ၁၀၀ . ၀၀၀ | | | | ၁၃၆ . ၀၁၇ |
| | | | ပေါင်း | | ၃၆ . ၀၁၇ | | | ၂၉၇ . ၈၀၈ | | | | ၃၃၃ . ၈၂၅ |

## ပြည်နယ်အဆင့် နိုင်ငံတော်ပိုင်စီးပွားရေးအဖွဲ့အစည်းများ

ဇယား(၃)

(ကျပ်သန်းပေါင်း)

| အမှတ်စဉ် | ၂၀၁၅ ခုနှစ် ရှမ်းပြည်နယ်၏ အဏ္ဏာငွေအရအသုံး ဆိုင်ရာဥပဒေပါ အမှတ်စဉ် | | အကြောင်းအရာ | တာဝန်ခံသူ | နောက်ထပ်ခွင့်ပြုသည့်သုံးငွေ | | | | | | | စုစုပေါင်း |
|---|---|---|---|---|---|---|---|---|---|---|---|---|
| | | | | | သာမန်သုံးငွေ | အတိုးပေးငွေ | ထောက်ပံ့ငွေ | ငွေလုံးငွေရင်း သုံးငွေ | ကြွေးမြီ | | အဖွဲ့အစည်းများ တွင် ရင်းနှီးငွေ | |
| | | | | | | | | | ထုတ်ချေးငွေ | ချေးယူရငွေအတွက် ပေးဆပ်ငွေ | | |
| ၁ | ၂ | | ၃ | ၄ | ၅ | ၆ | ၇ | ၈ | ၉ | ၁၀ | ၁၁ | ၁၂ |
| ၁ | ၁ | | လျှပ်စစ်စွမ်းအား | ပြည်နယ်ဝန်ကြီးချုပ် သို့မဟုတ် | ၄ . ၇၀၀ | | | | | | | ၄ . ၇၀၀ |
| | | ၁ | လျှပ်စစ်ဓာတ်အားဖြန့်ဖြူးရေးလုပ်ငန်း | ပြည်နယ်ဝန်ကြီးချုပ် က တာဝန်ပေးသူ | ၄ . ၇၀၀ | | | | | | | ၄ . ၇၀၀ |
| ၂ | ၂ | | သတ္တုတွင်း | ၎င်း | ၀ . ၃၇၂ | | | | | | | ၀ . ၃၇၂ |
| | | ၁ | မြန်မာ့ဆားလုပ်ငန်း | | ၀ . ၃၇၂ | | | | | | | ၀ . ၃၇၂ |
| ၃ | | | ဆောက်လုပ်ရေး | ၎င်း | ၁၀၄ . ၄၅၄ | | | | | | | ၁၀၄ . ၄၅၄ |
| | | ၁ | ပြည်သူ့ဆောက်လုပ်ရေးလုပ်ငန်း | | ၁၀၄ . ၄၅၄ | | | | | | | ၁၀၄ . ၄၅၄ |
| | | | ပေါင်း | | ၁၀၉ . ၅၂၆ | | | | | | | ၁၀၉ . ၅၂၆ |

## စည်ပင်သာယာရေးအဖွဲ့များ

ဇယား(၄)
(ကျပ်သန်းပေါင်း)

| အမှတ်စဉ် | ၂၀၁၅ ခုနှစ် ရှမ်းပြည်နယ်၏ ဘဏ္ဍာငွေအရအသုံး ဆိုင်ရာဥပဒေပါ အမှတ်စဉ် | | အကြောင်းအရာ | တာဝန်ခံသူ | နောက်ထပ်ခွင့်ပြုသည့်သုံးငွေ | | | | | | | စုစုပေါင်း |
|---|---|---|---|---|---|---|---|---|---|---|---|---|
| | | | | | သာမန်သုံးငွေ | အတိုးပေးငွေ | ထောက်ပံ့ငွေ | ငွေလုံးငွေရင်းသုံးငွေ | ကြွေးမြီ | | အဖွဲ့အစည်းများတွင် ရင်းနှီးငွေ | |
| | | | | | | | | | ထုတ်ချေးငွေ | ချေးယူရငွေအတွက် ပေးဆပ်ငွေ | | |
| ၁ | ၂ | | ၃ | ၄ | ၅ | ၆ | ၇ | ၈ | ၉ | ၁၀ | ၁၁ | ၁၂ |
| ၁ | ၁၁ | | စည်ပင်သာယာရေးအဖွဲ့များ | ပြည်နယ်ဝန်ကြီးချုပ် သို့မဟုတ် ပြည်နယ်ဝန်ကြီးချုပ် က တာဝန်ပေးသူ | ၃၀၂.၀၃၄ | | | ၁၉၁၆.၂၂၈ | | | | ၂၂၁၈.၂၆၂ |
| | | | ပေါင်း | | ၃၀၂.၀၃၄ | | | ၁၉၁၆.၂၂၈ | | | | ၂၂၁၈.၂၆၂ |